# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၉၆ / ၂၀၂၄

၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်

( ၂၀၂၄ ခုနှစ်၊ မေလ ၉ ရက် )

## (၇၇) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် လုံခြုံရေးကော်မတီ ဖွဲ့စည်းခြင်း

၂၀၂၄ ခုနှစ်၊ (၇၇) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို အဆင်မပြေချောမွေ့စွာ ကျင်းပနိုင်ရေးအတွက်" **(၇၇) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် လုံခြုံရေးကော်မတီ** " တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

( ၁ ) **(၇၇) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ**

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အဖွဲ့ဝင်<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အဖွဲ့ဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဇ) | မြို့တော်ဝန်<br>စည်ပင်သာယာရေးဝန်ကြီး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဈ) | တွဲဖက်စစ်ရေးချုပ်<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အတွင်းရေးမှူး |
| (န) | အတွင်းရေးမှူး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | တွဲဖက်အတွင်းရေးမှူး |

(၂) (၇၇) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မူဝါဒများချမှတ်ခြင်း၊

(ခ) (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီနှင့် လုံခြုံရေးကော်မတီတို့အား လိုအပ်သည်များ လမ်းညွှန်ပေးခြင်း၊

(ဂ) အာဇာနည်ဗိမာန်တွင်ကျင်းပသည့် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်လာသည့်ပုဂ္ဂိုလ်များ စနစ်တကျ လွမ်းသူ့ပန်းခွေချ အလေးပြုဂါရဝပြုနိုင်ရေးနှင့် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်များတွင် အများပြည်သူတို့ စနစ်တကျလေ့လာကြည့်ရှုနိုင်ရေး သက်ဆိုင်ရာကော်မတီများသို့ ညွှန်ကြားခြင်း၊

(ဃ) (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုံခြုံရေးနှင့်ပတ်သက်သည့် အစီအမံများကို မူဝါဒချမှတ်ပေးခြင်း၊

(င) ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်တားဆီးထိန်းချုပ်ရေးဆိုင်ရာများနှင့်ပတ်သက်၍ မူဝါဒချမှတ်ပေးခြင်း၊

(စ) (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

(၃) **(၇၇) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |

(င) သယံဇာတရေးရာဝန်ကြီး အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(စ) လူမှုရေးရာဝန်ကြီး အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(ဆ) လမ်းပန်းဆက်သွယ်ရေးဝန်ကြီး အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(ဇ) တိုင်းရင်းသားရေးရာဝန်ကြီး အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(ဈ) ဥပဒေချုပ် အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(ည) ဒုတိယတိုင်းမှူး အဖွဲ့ဝင်
ရန်ကုန်တိုင်းစစ်ဌာနချုပ်

(ဋ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

(ဌ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မီးသတ်ဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သံတမန်ရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
ပြန်ကြားရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သာသနာရေးဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

| | | |
|---|---|---|
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>ရေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်<br>ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | အတွင်းရေးမှူး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (န) | ဥက္ကဋ္ဌ<br>ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး<br>ကော်ပိုရေးရှင်း | အဖွဲ့ဝင် |
| (ပ) | တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဖ) | ညွှန်ကြားရေးမှူး<br>ရန်ကုန်တိုင်းဒေသကြီးလမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဗ) | ဥက္ကဋ္ဌ<br>တိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီ<br>ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဘ) | မြို့တော်ဝန်<br>စည်ပင်သာယာရေးဝန်ကြီး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အတွင်းရေးမှူး |
| (မ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၁) |
| (ယ) | ညွှန်ကြားရေးမှူးချုပ်<br>အနုပညာဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး(၂) |

( ၄ ) (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီက ချမှတ်သော မူဝါဒများနှင့် လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) လိုအပ်သည့် ဆပ်ကော်မတီများ ဖွဲ့စည်းခြင်း၊

(ဂ) (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို အနီးကပ်ကြီးကြပ်ခြင်း၊ ကွပ်ကဲခြင်း၊ ညွှန်ကြားခြင်း၊

(ဃ) (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပမည့်နေရာတွင် ပြင်ဆင်မွမ်းမံမှုများနှင့်ပတ်သက်၍ ကြီးကြပ်ကွပ်ကဲခြင်း၊

(င) အများပြည်သူများ လာရောက်ဂါရဝပြုမည့် အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်တို့တွင် လုံခြုံရေးနှင့်ပတ်သက်သည့် စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်တားဆီးထိန်းချုပ်ရေးဆိုင်ရာများနှင့်ပတ်သက်၍ စီမံဆောင်ရွက်ထားရှိမှုတို့ကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ လာရောက်ဂါရဝပြုရာတွင် အဆင်ပြေချောမွေ့စေရေး စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ကြီးကြပ်ကွပ်ကဲခြင်း။

( ၅ ) **(၇၇) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးလုံခြုံရေးကော်မတီ**

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဂ) | ဒုတိယတိုင်းမှူး<br>ရန်ကုန်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (င) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပါမောက္ခချုပ်<br>အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်<br>(ရန်ကုန်)<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | ဌာနမှူး (စီမံရေးရာဌာန)<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ည) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကြက်ခြေနီအသင်း | အဖွဲ့ဝင် |
| (ဋ) | တပ်ဖွဲ့မှူး<br>ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဌ) | တပ်ဖွဲ့မှူး<br>သတင်းရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဍ) | တပ်ဖွဲ့မှူး<br>စည်ပင်သာယာရဲတပ်ဖွဲ့ (ရန်ကုန်) | အဖွဲ့ဝင် |
| (ဎ) | တပ်ဖွဲ့မှူး<br>ယာဉ်ထိန်းရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဏ) | ဒုတိယရဲချုပ် (လုံခြုံ/မှုခင်း)<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အတွင်းရေးမှူး |
| (တ) | ကွပ်ကဲရေးမှူး<br>အမှတ် (၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ | တွဲဖက်အတွင်းရေးမှူး |

( ၆ ) (၇၇) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးလုံခြုံရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အား အတွင်းစည်း၊ အပြင်စည်း၊ လုံခြုံရေးများ ဆောင်ရွက်ခြင်း၊

(ခ) အာဇာနည်ဗိမာန်သို့ **တ**က်ရောက်လာသည့် နိုင်ငံတော်အကြီးအကဲများ၊ နိုင်ငံခြားသံတမန်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် လာရောက်ဂါရဝပြုသည့် ပုဂ္ဂိုလ်များ၏ လုံခြုံရေးကိစ္စဆောင်ရွက်ခြင်း၊

(ဂ) နယ်မြေလုံခြုံရေးသတင်းကို ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) လုံခြုံရေးနယ်မြေအတွင်း အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် လူစုလူဝေးဖြင့် စုဖွဲ့ခြင်းမရှိအောင် ကြိုတင်ဟန့်တားနိုင်ရေးစီမံဆောင်ရွက်ခြင်း၊

(င) လုံခြုံရေးစီမံချက်ရေးဆွဲခြင်း၊

(စ) လုံခြုံရေးကတ်ပြားများအား စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဆ) လုံခြုံရေးတပ်များ နေရာချထားခြင်း၊ စစ်ဆေးခြင်းနှင့်ကြီးကြပ်ကွပ်ကဲခြင်း၊

(ဇ) မိုင်းရှင်းလင်းခြင်း၊ အတားအဆီးများ စီမံဆောင်ရွက်ခြင်း၊

(ဈ) ကြို**တ**င်ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်ခြင်း၊

(ည) တာဝန်ထမ်းဆောင်မည့် အင်အားစာရင်းအား (၇၇) နှစ်မြောက်အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဋ) အစီအစဉ်ကို (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဌ) လုံခြုံရေးကတ်၊ ယာဉ်ဝင်ခွင့်၊ လုံခြုံရေးအမှတ်အသားများစစ်ဆေးခြင်း။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး